# အမျိုးသမီးများအပေါ်
# အကြမ်းဖက်မှုနှင့် ပတ်သက်၍
# မေးလေ့ရှိသော မေးခွန်းအချို့

**မေး။ အချို့သောအမျိုးသမီးများသည် အခြားသူများထက်ပို၍ အကြမ်းဖက်မှု အန္တရာယ်ကို တွေ့ကြုံနိုင်ပါသလား။**

အမျိုးသမီးများအားလုံးသည် အမျိုးသားများ၏ အကြမ်းဖက်မှုအန္တရာယ်မှ မကင်းနိုင်ပါ။ မလုံခြုံနိုင်ပါ။ အကြမ်းဖက်မှုသည် အသက်အရွယ်မရွေး၊ မျိုးနွယ်စုယဉ်ကျေးမှုမှသည် လူမှုစီးပွားရေး နောက်ခံသမိုင်းကြောင်းမရွေး၊ အမျိုးသမီးများအားလုံးအပေါ် သက်ရောက်လျက်ရှိပါသည်။ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုသည် ယေဘူယျအားဖြင့် အမျိုးသမီးအားလုံးနှင့် သက်ဆိုင်နေသော်လည်း အမျိုးသမီးအများစုသည် ၎င်းတို့ မည်သူမည်ဝါဖြစ်သည်ကို အတိအကျသတ်မှတ်ထားခြင်းဆိုင်ရာ သီးခြားအသွင်အပြင် လက္ခဏာများကြောင့် အကြမ်းဖက်မှု အန္တရာယ်များ၏ ပစ်မှတ်ထားခြင်းကို ခံနေကြရသည်။ လူမျိုး၊ တိုင်းရင်းသား၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ လိင်ဆိုင်ရာ သတ်မှတ်မှု၊ (အမှန်အတိုင်း သို့မဟုတ် သိသာ ထင်ရှားသော လိင်စိတ်ဆိုင်ရာသတ်မှတ်မှု အပါအဝင်) ဆင်းရဲ မွဲတေမှုနှင့် ကျန်းမာရေး (အထူးသဖြင့် အိပ်ချ်အိုင်ဗွီ ရှိမှုအခြေအနေ) များသည် အမျိုးသမီးများအတွက် အကြမ်းဖက်မှု အန္တရာယ်ကြုံတွေ့စေသည့် အခြေခံအကြောင်း အရင်းများစွာအနက်မှ အချို့ဖြစ်ပေသည်။ အခြေအမြစ်မရှိသော အစွဲအလမ်းများ၊ အကြောင်းမဲ့မနှစ်မြို့ခြင်းများနှင့် ခွဲခြားဆက်ဆံမှု အနှံ့အပြား ဖြစ်သည့် နေရာများတွင် လူအများ၏ သနားကြင်နာမှု မရရှိခြင်း သို့မဟုတ် ဤအကြမ်းဖက်မှုမျိုးကို လူအများက လိုလိုလားလား ထောက်ခံအားပေးခြင်း များအထိပင် ဖြစ်တတ်သည်။

ဆင်းရဲမွဲတေမှုနှင့် အဖယ်ကျဉ်ခံထားခြင်းများက အချို့အမျိုးသမီးများအား အကြမ်းဖက်မှု အန္တရာယ်နှင့် ပို၍ ကြုံစေနိုင်သည်။ ကမ္ဘာလုံးဆိုင်ရာ ဖြန့်ကျက်လွှမ်းခြုံမှု၏ ဆိုးကျိုးများသည် အချို့သော အမျိုးသမီးများကို လူ့အသိုင်းအဝိုင်း၏ ဖယ်ကျဉ်ပထုတ် ထားခံရမှုမှ မလွတ်မြောက်နိုင်အောင် တားဆီးနေသည်။ ၎င်းအခြေအနေများက ဆင်းရဲဒုက္ခဖြစ်နေသည့် အမျိုးသမီးများ အနိုင်ကျင့်ခံရသော အခြေအနေများမှ လွတ်မြောက်ရန်၊ ကာကွယ်စောင့်ရှောက်မှုရရှိရန်နှင့် တရားမျှတမှုနှင့် ပြန်လည် ကုစားမှုရရှိရန်၊ ရာဇဝတ်မှု ဆိုင်ရာ တရားရေးစံနစ်အားဖြင့် ခံစားနိုင်ခွင့် ရရန်အတွက် အလွန့်အလွန် ခက်ခဲစေပါသည်။ ထို့ပြင် စာမတတ်ခြင်းနှင့် ဆင်းရဲမွဲတေခြင်းများကလည်း အမျိုးသမီးများ၏ ပြောင်းလဲမှု ဖြစ်လာရေးအတွက် တိုက်ပွဲဝင်ရန် စည်းရုံးနိုင်မည့် စွမ်းဆောင်နိုင်အားကို ဆိုးဝါးစွာ ကန့်သတ်ထားသည်။

မေး။ မည်သည့်အကြောင်းရင်းများက အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဖြစ်စေပါ သနည်း။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၏ အခြေခံအကြောင်းရင်းမှာ အမျိုးသမီးများ ဘဝတလျှောက်လုံး နယ်ပယ်အသီးသီးတွင် အမျိုးသားများနှင့် တန်းတူညီမျှခြင်းမဖြစ်အောင် ငြင်းပယ်နေသည့် ခွဲခြားဆက်ဆံမှုကြောင့်ဖြစ်သည်။ အကြမ်းဖက်မှုသည် ခွဲခြားဆက်ဆံခြင်းကြောင့် ဖြစ်ပေါ်သည့်အပြင်၊ ခွဲခြားဆက်ဆံခြင်းကို ပိုမိုအားကောင်းလာစေရန် တွန်းအား ပေးနေပြီး အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူညီမျှခြင်း၏ အခြေခံသဘောဖြစ်သည့် အမျိုးသမီးများ မိမိတို့၏ ရပိုင်ခွင့်များနှင့်၊ လွတ်လပ်ခွင့်များကို ကျင့်သုံး၊ ခံစားခြင်းများ မဖြစ်အောင် တားဆီးနေပါသည်။

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုသည် "အမျိုးသားနှင့် အမျိုးသမီးအကြား သမိုင်းကြောင်းအစဉ်အဆက် မတူညီသော အခွင့်အာဏာခွဲဝေမှု၏ လက္ခဏာဖော်ပြချက် တရပ်ဖြစ်ပြီး၊ ၎င်းလက္ခဏာသည် အမျိုးသားများမှ အမျိုးသမီးများအပေါ် လွှမ်းမိုးချုပ်ကိုင်မှု နှင့် ခွဲခြားဆက်ဆံမှုကို ဖြစ်ပေါ်စေသည့်အပြင်" "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီးများသည် ဒုတိယတန်းစားအဆင့်တွင်သာ ဖြစ်နေစေရန် အဆုံးအဖြတ်ပေးသည့် အဓိက လူမှုရေးဆိုင်ရာ ယန္တရားများထဲမှ တခုဖြစ်ကြောင်း" ကုလသမဂ္ဂ၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး သဘောတူညီ ကြေညာစာတမ်းတွင် ဖေါ်ပြထားသည်။

ကုလသမဂ္ဂ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုကို ဆန့်ကျင်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အခြေခံ အကြောင်းရင်း (၆) ချက်ကို သတ်မှတ် ဖေါ်ထုတ်ခဲ့ပါသည်။

- **သမိုင်းအစဉ်အဆက် မတူညီသော သြဇာအာဏာ ဆက်ဆံရေး။** ။ ရာစုနှစ်ပေါင်း များစွာ အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်လာသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာ ဖြစ်စဉ်များက အမျိုးသားများကို အမျိုးသမီးများအပေါ် သြဇာသုံးနိုင်သည့် အနေအထားတွင် ဆက်လက်ထားရှိနေသည်။
- **အမျိုးသမီးများ၏ လိင်ပိုင်းဆိုင်ရာခံစားမှုကို ထိန်းချုပ်ခြင်း။** ။ လူ့အဖွဲ့အစည်းများစွာတွင် အမျိုးသမီးများ၏ လိင်ပိုင်းဆိုင်ရာခံစားမှုကို ထိန်းချုပ်ရန်အတွက် အကြမ်းဖက်မှုအား နည်းလမ်း

တခုအဖြစ် အသုံးပြုကြသည်။ ထို့နည်းတူ လူ့အဖွဲ့အစည်းများစွာတွင် အမျိုးသမီးများအား ယဉ်ကျေးမှုစံနှုန်းမှုများကို ချိုးဖောက်သည်ဟု ယူဆသော လိင်နှင့်ပတ်သက်သည့်အပြုအမူများ၊ ဦးစားပေးနှစ်သက်မှုများနှင့် စိတ်သဘောထားများအား ထုတ်ဖော်ပြသသည့်အတွက် အပြစ်ပေးရန် အကြမ်းဖက်မှုကို အသုံးပြုကြသည်။

- **ယဉ်ကျေးမှုဆိုင်ရာ အတွေးအခေါ်။** ။ ယဉ်ကျေးမှုသည် လိင်ကွဲပြားမှု အခန်းကဏ္ဍများကို အဓိပ္ပါယ်ဖွင့်ဆို၍၊ ယဉ်ကျေးမှုအရ ပြဋ္ဌာန်းထားသော အခန်းကဏ္ဍများကို အမျိုးသမီးများက စည်းဖောက်မိပါက အချို့သော ထုံးတမ်းစဉ်လာများ၊ ရိုးရာအစဉ်အလာများနှင့် ဘာသာတရားများကို အကြောင်းပြအသုံးချ၍ အမျိုးသမီးများ အပေါ်အကြမ်းဖက်မှု ကျူးလွန်ကြသည်။
- **ပုဂ္ဂလိက၊ (ကိုယ်ပိုင်) ဆိုင်ရာ အယူဝါဒများ။** ။ လူ့အဖွဲ့အစည်းများစွာတွင်း စွဲလန်းယုံကြည်မှု တခုမှာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် ပုဂ္ဂလိကဆိုင်ရာ ပြဿနာတခုဖြစ်သည်ဟု ယုံကြည်ကြသည်။ ထိုယုံကြည်မှုသည် အကြမ်းဖက်မှု ပပျောက်ရေး ကြိုးပမ်းမှုအတွက် စိုးရိမ်ဖွယ်ရာ အဟန့်အတားတခု ဖြစ်သည်။
- **ပဋိပက္ခဖြေရှင်းသည့် ပုံစံများ။** ။ ပဋိပက္ခဖြစ်ပွားရာနေရာဒေသရှိ နေအိမ်များနှင့် ရပ်ကွက်ကျေးရွာများ၊ သို့မဟုတ် စစ်တပ်ချရာနှင့် စစ်ဝါဒစိုးမိုးရာ ဒေသများနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအကြား ဆက်နွယ်မှုများစွာရှိသည်။ မကြာခဏ လုံခြုံဘေးကင်းမှုမရှိသည့် အခြေအနေက နေအိမ်များအတွင်း တင်းမာမှုများကို ပိုမိုသိသာ ထင်ရှားလာစေပြီး၊ မိသားစုအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ရှည်တန့်အောင်တွန်းပို့စေပါသည်။ အလားတူစွာပင် ပဋိပက္ခကိုသာ အာရုံစိုက်နေသဖြင့် အမျိုးသမီးများ ခံစားနေရမှုများမှာ မကြာခဏဆိုသလို မျက်စိ ရှန်ခံရသည်။ ထို့အပြင် သမာရိုးကျ အစဉ်အလာ စစ်ပရိယာယ်အဖြစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ကြိမ်ဖန်များစွာ အသုံးပြုကြခြင်းဖြစ်သည်။
- **အစိုးရ၏ အရေးယူရန် ပျက်ကွက်ခြင်း။** ။ အစိုးရ၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ကာကွယ်တားဆီးရန်နှင့် အကြမ်းဖက်မှုရပ်တန့်ရေးလုပ်ဆောင်ရန် ပျက်ကွက်မှုသည် လူ့အသိုင်းအဝိုင်းတခုလုံးတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား လက်ခံမှုတခုအဖြစ် တည်ရှိနေစေသည်။ ဉပမာအားဖြင့် လူမှုဆက်ဆံရေး ပြဿနာများ၊ စိတ်ဖိစီးခြင်း၊ အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ စိတ်ဓာတ်ကျခြင်း (သို့မဟုတ်) အလုပ်လက်မဲ့ ဖြစ်ခြင်းတို့သည် အမျိုးသမီးများအပေါ်

အကြမ်းဖက်မှုများ ဖြစ်စေသည့် အကြောင်းရင်းများဖြစ်သည်။ သို့သော်လည်း ၎င်းတို့သည် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု ဖြစ်စေသည့် အခြေခံအကြောင်းရင်းများ မဟုတ်သကဲ့သို့ ဆင်ခြေများလည်း မဟုတ်ပေ။

**မေး။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၏ နောက်ဆက်တွဲ အကျိုးဆက်များမှာ အဘယ်နည်း။**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၏ နောက်ဆက်တွဲအကျိုးဆက်များသည် ချက်ချင်း ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများထက်များစွာ ကျော်လွန်ပါသည်။ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုနှင့် နောက်ထပ်အကြမ်းဖက်ခံရမည်ဟု အခြိမ်းခြောက်ခံရခြင်းသည် အမျိုးသမီးတယောက်အား မိမိကိုယ်ကို တန်ဖိုးထားစိတ် တစတစ လျော့ပါးစေပြီး၊ သူမ ကိုယ့်ကိုကိုယ်ခုခံ ကာကွယ်နိုင်ရန်နှင့် အကြမ်းဖက်သူအား တုန့်ပြန်အရေးယူဆောင်ရွက်နိုင်မည့် စွမ်းအားကို ယုတ်လျော့စေသည်။ အကြမ်းဖက်ခံရမှုသည် အသိအမှတ်ပြု မခံရသောအခါတွင် နောက်ဆက်တွဲ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ ဖြစ်လာပြီး အဆိုပါ အမျိုးသမီးသည် အကူအညီ ရှာဖွေရန် အလားအလာ နည်းပါးသွားတတ်သည်။ အချို့သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၏ ရေရှည်သက်ရောက်မှုများမှာ အရက်နှင့် မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် အခြားသော စိတ်ကျန်းမာရေးဆိုင်ရာ ကစဉ့်ကလျား ဖြစ်ခြင်းနှင့် မိမိကိုယ်ကို အဆုံးစီရင်ခြင်း တို့ဖြစ်ကြသည်။

စိတ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲပြဿနာများသည် ကြောက်ရွံ့ခြင်း၊ ယုံကြည်မှု နည်းပါးခြင်း၊ စိုးရိမ်ကြောင့်ကြခြင်း၊ အပြစ်ရှိကြောင်းခံစားရခြင်း (သို့မဟုတ်) အရှက်ရခြင်း၊ မိမိကိုယ်ကိုတန်ဖိုးထားမှု ပျောက်ကွယ်ခြင်း၊ စိတ်တည်ငြိမ်မှုရရှိရန် ခက်ခဲခြင်း၊ စိတ်ဓာတ်ကျ ခြင်းနှင့် မိမိကိုယ်ကို အဆုံးစီရင်ရန် စဉ်းစားခြင်း၊ မူးယစ်ဆေးဝါးနှင့်အရက် (သို့မဟုတ်) အခြားသော ဆေးဝါးများသုံးစွဲခြင်း စသည်တို့ ပါဝင်သည်။ ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမှုများတွင် ဒဏ်ရာရရှိခြင်း၊ အိပ်ရေးပျက်ခြင်း၊ အိမ်မက်ဆိုးများ မက်ခြင်း၊ အိပ်မပျော်သည့် ဝေဒနာခံစားရခြင်းနှင့် မအီမသာနှင့်အော့အန်လိုခြင်း စသည်တို့ ပါဝင်သည်။ အနိုင်ကျင့် ခံရခြင်း၏ လူမှုရေးဆိုင်ရာ ညွှန်ပြချက်များမှာ အထီးကျန်ဖြစ်နေခြင်း၊ အသရေဖျက် ခံနေရခြင်း၊ စာသင်ကျောင်းနှင့် လုပ်ငန်းခွင်များတွင် လုပ်ဆောင်ပါဝင်မှု ညံ့ဖျင်းအားနဲခြင်း၊ အကြောင်းမဲ့လုပ်ငန်းပျက်ကွက်ခြင်း၊ ငွေရေးကြေးရေး အခက်အခဲများ ကြုံရခြင်း စသည်တို့ ပါဝင်သည်။

အမျိုးသမီးများအားအကြမ်းဖက်မှုသည် လူ့အဖွဲ့အစည်းကိုလည်း သက်ရောက်မှု ရှိစေသည်။ အကြမ်းဖက်မှုကို ကြောက်ရွံ့ခြင်းသည် အမျိုးသမီးများ၏ ဘဝများတွင် ကိန်းအောင်းနေသည်။ အမျိုးသမီးများသည် တဦးတယောက်တည်းခရီးသွားလာခြင်း၊ ညအချိန်တွင် တကိုယ်တည်း လမ်းလျှောက်ခြင်း၊ ညဥ့်နက်ပိုင်းတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးစံနစ်ကို အသုံးပြုခြင်း၊ အငှားယာဉ်များကို တယောက်တည်းစီးရခြင်း စသည်တို့ကို မပြုလုပ်နိုင် ဟု ခံစားတတ်ကြသည်။

**မေး။ အစိုးရများသည် အစိုးရအရာထမ်းမဟုတ်သည့်သူများ (တသီးပုဂ္ဂလိကများ) ကျူးလွန်သည့် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုများကို တာဝန်ခံနိုင်ပါသလား။**

တာဝန်ယူနိုင်ပါသည်။ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာဥပဒေက အစိုးရများသည် အစိုးရဝန်ထမ်းများကဖြစ်စေ၊ သို့မဟုတ် အစိုးရအရာထမ်းမဟုတ်သောသူများကဖြစ်စေ ကျူးလွန်သည့် အကြမ်းဖက်မှုအပြုအမူများကို ၎င်းတို့က အကာအကွယ်ပေးရန်၊ စုံစမ်းဖေါ်ထုတ်ရန်နှင့် အပြစ်ပေးရန် အကယ်၍ ပျက်ကွက်ခဲ့ပါက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသူအားလုံးအတွက် နိုင်ငံတော်က တာဝန်ယူရမည်ဖြစ်ကြောင်း အခိုင်အမာ ထည့်သွင်း ဖေါ်ပြထားသည်။

**မေး။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် အချို့သော ဘာသာတရားနှင့် ယဉ်ကျေးမှုများတွင် "သာမန်ဖြစ်ရိုးဖြစ်စဉ်" ဖြစ်နေသည် မဟုတ်ပါသလား။**

ယဉ်ကျေးမှု၊ ဘာသာတရားနှင့် ထုံးတမ်းစဉ်လာများကို အသုံးချ၍ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု ကျူးလွန်ရန်အတွက် အကိုးအကားအဖြစ် မည်သည့်အခါမှ မှီငြမ်းခြင်း မပြုသင့်ပေ။ အမှန်တကယ်တွင် အမျိုးသမီးများအပေါ်နည်းမျိုးစုံနှင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် *(CEDAW)* ကဲ့သို့သော နိုင်ငံတကာစာချုပ်များက အစိုးရများကို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကျူးလွန်မှုကို အပြစ်မယူလျစ်လျူရှုသည့် ဥပဒေများနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်သော ပြစ်ဒဏ်မှ လွတ်ကင်းခွင့်ပြုထားသော ဒေသဆိုင်ရာ ကျင့်သုံးမှုများနှင့် ဥပဒေများကို ဖျက်သိမ်းပစ်ရန် တောင်းဆိုထားသည်။

လူ့အခွင့်အရေးသည် တကမ္ဘာလုံးနှင့်သက်ဆိုင်ပြီး၊ တိုင်ရင်းသားဖြစ်မှု၊ နိုင်ငံသားဖြစ်မှု၊ အသက်အရွယ်၊ လိင်နှင့် လိင် ကွဲပြားမှုလက္ခဏာသတ်မှတ်ချက်များနှင့် မဆိုင်ပဲ လူသားအားလုံး တန်းတူ အခြေခံအခွင့်အရေးများကို ခံစားပိုင်ခွင့် ရှိရမည်။

**မေး။ အချို့သော အမျိုးသားများသည် အဘယ့်ကြောင့် အကြမ်းဖက်ကြသနည်း။**

၎င်းမေးခွန်းအတွက် ရိုးရှင်းသည့် အဖြေမရှိချေ။ အမျိုးသမီးများအပေါ် အကြမ်းဖက် ကျူးလွန်ခြင်းဖြစ်ရပ်သည် ရှုပ်ထွေးလှပြီး အခြေခံအကြောင်းအချက်များစွာ ပေါင်းစည်းရာမှ ဖြစ်ပေါ် လာသော ရလာဒ်ဖြစ်သည်။ အခြားသော အကြောင်းရင်းများတွင် အမျိုးသားများ၏အကြမ်းဖက်ခြင်း သည် အမျိုးသားများ၎င်းတို့၏ ယောကျ်ားပီသခြင်းကို ပြသရန် ငယ်ရွယ်စဉ်ကတည်းက သင်ယူခဲ့သော အပြုအမူများ၏ ရလာဒ်ဖြစ်သည်။

ကမ္ဘာတဝှမ်းလုံးတွင် အမျိုးသားများသည် ငယ်ရွယ်စဉ်အခါကပင် ၎င်းတို့၏ ခွန်အားနှင့် ဩဇာကို အသုံးပြုပြီး ၎င်းတို့ပတ်ဝန်းကျင်ရှိ အခြားသူများကို ထိန်းချုပ်ရန်နှင့် လွှမ်းမိုးရန်အတွက် သင်ယူတတ်မြောက်လာကြသည်။ ဝမ်းနည်းဖွယ်ရာ ကောင်းသည်မှာ အကြမ်းဖက်ခြင်းကို ၎င်းတို့၏ မျက်စိတွင် လက်ခံနိုင်ဖွယ်ရာတခုဟု ယူဆလာသော ဘေးထွက် သက်ရောက်မှုပင် ဖြစ်သည်။

အကြမ်းဖက်မှုများ၏ အတိုင်းအတာ ပမာဏနှင့် ထို့အတွက်ပေးသော ပြစ်ဒဏ်၏ အတိုင်း အတာပမာဏ နည်းပါးမှုသည် အမျိုးသားများအား အကြမ်းဖက်မှုများ ဆက်လက် ကျူးလွန်စေရန် တွန်းအားပေးသလို ဖြစ်စေသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအတွက် ဖြေရှင်းချက် များစွာ ပေးနေချိန်တွင်၊ မည်သို့မျှ စောဒက တက်စရာ မလိုပေ။

**မေး။ အရာရာတိုင်းအတွက် အပြစ်တင်ခံနေသည်ဟု ခံစားနေရသော အမျိုးသား အုပ်စုများကို သင်မည်ကဲ့သို့ ပြောဆိုမည်နည်း။**

အမျိုးသားများအားလုံးကို အိမ်တွင်းအကြမ်းဖက်မှုများ ကျူးလွန်ခြင်းအတွက် အပြစ်တင် နေခြင်းမဟုတ်ပါ။ အိမ်တွင်းအကြမ်းဖက်မှုသည် အလွန်နည်းသော အမျိုးသားများကသာ ချိုးဖောက် နေခြင်း ဖြစ်သည်။ ယခုလှုံ့ဆော်မှုသည် “ဒီကိစ္စက ငါတို့နှင့် မသက်ဆိုင်ဘူး” ဟု စဉ်းစားလေ့ရှိသော

အပြစ်ကျူးလွန်ခြင်းမရှိသော အမျိုးသားအများစုအတွက် အထူး ရည်ရွယ်ခြင်းဖြစ်သည်။ ထိုအုပ်စုများနှင့်လည်း လွှန်စွာပင် သက်ဆိုင်ပြီး၊ ထိုအုပ်စုပင်လျှင် အပြုသဘောဆောင်သည့် သဘောထားများကို ပြောင်းလဲနိုင်ပါသည်။

**မေး။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ရပ်တံ့ရန် အတွက်သာ အဘယ်ကြောင့် လှုံ့ဆော် စည်းရုံးမှုများ ပြုလုပ်နေပါသနည်း။ အမျိုးသားများအပေါ် အကြမ်းဖက်မှုကိုရော ဘာကြောင့် မလုပ်သနည်း။**

အကြမ်းဖက်မှု ပုံသဏ္ဍာန်များစွာဖြစ်သော အတင်းအဓမ္မ ကိုယ်ဝန်ဆောင်စေခြင်းများ၊ အတင်း အဓမ္မ ကိုယ်ဝန်ဖျက်ချခြင်းများ၊ သတို့သမီးများမီးရှို့ခံရခြင်း၊ အမျိုးသမီးများ မင်္ဂလာဆောင်ရာတွင် ပေးရသည့် ခန်းဝင်ကြေးများနှင့် အခြားသော ထိမ်းမြားခြင်းဆိုင်ရာ ချိုးဖောက်မှုများကို အမျိုးသမီးများ ကသာလျှင် ခံစားနေရသည်။ အခြားသော အကြမ်းဖက်မှု ပုံစံများဖြစ်သည့် အိမ်တွင်းအကြမ်းဖက်မှု၊ မုဒိမ်းကျင့်ခြင်းနှင့်၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကဲ့သို့သော အကြမ်းဖက်ခြင်းများကို အမျိုးသမီးများက တဖက်သတ်တည်း ခံစားနေရသည်။ ကမ္ဘာလုံးဆိုင်ရာ စာရင်းဇယားများက ညွှန်ပြနေသည်မှာ အမျိုးသမီး သုံးယောက်တွင် တယောက်မှာ ရိုက်နှက်ခံရခြင်း၊ အတင်းအကြပ် လိင်ဆက်ဆံခံရခြင်း (သို့မဟုတ်) ထိုကဲ့သို့ ပုံစံမျိုး သူမ၏ဘဝတသက်တာတွင် အနိုင်ကျင့် ခံရဖူးသည်။

အမျိုးသားများသည်လည်း လိင်ကွဲပြားမှုကိုအခြေခံသည့် အကြမ်းဖက်မှုကို ခံရသူများ ဖြစ်နိုင်ခြင်းနှင့် တချို့တလေသော အမျိုးသမီးများသည် အမျိုးသားများအပေါ် အကြမ်းဖက်မှု ကျူးလွန်သူများအဖြစ် ဖြစ်နိုင်သည်ကိုလည်း ကျွန်ုပ်တို့ ငြင်းပယ်ခြင်း မပြုလိုပေ။ သို့သော်ငြားလည်း အမျိုးသမီးများသည် လိင်ကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှုမှ တဖက်သက်တည်း အကျိုးဆက်များ ခံနေရသည်ဟု စာရင်းဇယား အချက်အလက်များက သက်သေပြနေသည်။ အခြေအနေ တော်တော်များများတွင် ၎င်းအကြမ်းဖက်မှု၏ အကျိုးဆက်သည် ပို၍ပင် ဆိုးရွားသည်။

သာဓကများစွာတွင် အမျိုးသားများအပေါ် အကြမ်းဖက်မှု ကျူးလွန်သောကြောင့် အမျိုးသမီးများ အဖမ်းဆီးခံရမှုနှင့် အပြစ်ဒဏ်ပေးခံရမှုများရှိကြောင်း (အထူးသဖြင့် အိမ်တွင်းအကြမ်းဖက်မှုနှင့် ဆက်စပ်မှု၍) တွေ့ရှိခဲ့ရသည်။ သူမအနေဖြင့် အိမ်တွင်း အကြမ်းဖက်မှုကို တောက်ရှောက်ခံခဲ့ရခြင်းက

သူမအား အကြမ်းဖက်မှုတခုကို ကျူးလွန်ရန်အတွက် တွန်းပို့ခဲ့သကဲ့သို့ ဖြစ်ခဲ့ကြောင်းကိုလည်း တွေ့ရှိခဲ့ရသည်။

ထို့အပြင် အမျိုးသမီးများ၏ အမျိုးသားများအပေါ်အကြမ်းဖက်မှု၏ အကြောင်းရင်း တခုမှာ သြဇာအာဏာ အားပြိုင်မှုကြောင့်ဖြစ်ပြီး၊ အမျိုးသမီးတယောက်သည် အမျိုးသား၏ သြဇာအာဏာကို အံတုစိန်ခေါ်ခြင်းဖြင့် ယဉ်ကျေးမှုသတ်မှတ်ချက်များကို အာခံခြင်း (သို့မဟုတ်) ထိပ်တိုက် ရင်ဆိုင်သောအခါ တွင် ထိုကဲ့သို့သော အားပြိုင်မှုများ ပေါ်ပေါက်တတ်သည်။

သို့သော် အချုပ်အားဖြင့် ကျွန်ုပ်တို့၏ရပ်တည်ချက်သည် လူ့အခွင့်အရေးဆိုင်ရာ ရပ်တည်ချက် တခုသာ ဖြစ်သည်။ အမျိုးသမီးများသည် အကြမ်းဖက်ရန် ပစ်မှတ်အထား ခံရခြင်း၏ အကြောင်းရင်းများ စွာသည် နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် ခွဲခြားဆက်ဆံမှု ကြောင့်ပင်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းတွင် လူသားအားလုံးတို့သည် မွေးဖွားလာစဉ်မှစ၍ လွတ်လပ်မှုနှင့် တန်းတူညီမျှမှုရှိရမည်ဟု ဖော်ပြထားသည်။ ဝမ်းနည်းဖွယ်ရာမှာ ကမ္ဘာတဝှမ်းလုံးရှိ သန်းပေါင်းများစွာသော အမျိုးသမီးများအတွက် ထိုကဲ့သို့သော အခြေခံလွတ်လပ်မှု တည်ရှိမနေချေ။

သတင်းအရင်းအမြစ်။ ။ *Michael Kaufman* ဖဲကြိုးဖြူလှုပ်ရှားမှု၊ ကနေဒါနိုင်ငံ
*www.whiteribbon.com*